# မြန်မာနိုင်ငံ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် စနစ် လုပ်ငန်းအဖွဲ့

## တာဝန်သတ်မှတ်ချက်များ

၂၀၂၂ ခုနှစ် ဇွန်လ

## ၁ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် စနစ် လုပ်ငန်းအဖွဲ့ (GIS Working Group) ကို မြန်မာနိုင်ငံရှိ လူသားချင်းစာနာ ထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လုပ်ဆောင်နေသော အေဂျင်စီများ၏ လုပ်ငန်းများ ကို အကျိုးသက်ရောက်စေသည့် မြေပုံများ၊ နယ်နိမိတ်များ၊ ဒေတာဖလှယ်မှု၊ စံနှုန်းများကို ကိုင်တွယ်ဖြေရှင်းရန် ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ၊ကုလသမဂ္ဂဌာနေရုံးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး လက်အောက်တွင် ကုလသမဂ္ဂ၏ ဝန်ဆောင်မှုတစ်ခုဖြစ်သော မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) မှ အစပြု ဦးဆောင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

## ၂ ရည်ရွယ်ချက်များ

ဤအလုပ်အဖွဲ့ သည် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားမှုများနှင့် ဆက်စပ်သည့် ပထဝီဝင်ဆိုင်ရာ နည်းပညာများ အသုံးချ ဆောင်ရွက်မှုများအတွက် နည်းပညာဖလှယ်ရာ နေရာ ဖြစ်သည်။ ဤအလုပ်အဖွဲ့သည် အချက်အလက်များ ကို တစ်နေရာထဲ တွင် စုစည်းထားခြင်း မဟုတ်သော်လည်း ထိုအကြောင်းအရာ/အချက်အလက်ကို လုပ်ကိုင်နေသည့်အဖွဲ့အစည်းများ၏အချက်အလက်များကို ညွှန်ပြပေးခြင်းသာ ဖြစ်ပါသည်။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁) GIS နှင့် Remote Sensing ကဲ့သို့ မြေပုံရေးဆွဲခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဖန်တီးမျှဝေ သကဲ့သို့ နည်းပညာအသစ်များကိုလည်း အချင်းချင်းမျှဝေနိုင်ရန်

၂) နေရာဒေသဆိုင်ရာအချက်အလက်များကို စုဆောင်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းကဲ့သို့သော လုပ်ငန်းများအပြင် သက်ဆိုင်ရာ အချက်အလက်များ၊ နောက်ဆုံးထုတ်ကုန်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖလှယ်ခြင်းစသည့် **သတင်းအချက်အလက်နှင့် အတွေ့အကြုံများကို ဖလှယ်နိုင်စေရန်**

၃) မြေပုံများနှင့် အခြားသော ပထဝီဝင်ဆိုင်ရာ အချက်အလက်များအတွက် စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစံနှုန်းများကို ထူထောင်ခြင်း၊ လိုက်လျောညီထွေဖြစ်အောင် မြှင့်တင်ခြင်းဖြင့် အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန်နှင့် သတင်းအချက်အလက် မျှဝေခြင်း/ ဖလှယ်ခြင်းစသည်တို့ကို လုပ်ဆောင်နိုင်စေရန်

၄) ရရှိနိုင်သောသတင်းအချက်အလက်များကို ပိုမိုကောင်းမွန်စွာအသုံးပြုမှုမြှင့်တင်ရန်နှင့် ထပ်တူဖြစ်ပွားမှုများကိုရှောင်ရှားရန်အတွက် **ပွင့်လင်းမြင်သာသောသတင်းအချက်အလက်မျှဝေခြင်းကို မြှင့်တင်ရန်**

၅) လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များအား ပံ့ပိုးပေးသည့် နေရာဒေသဆိုင်ရာ အချက်အလက် **စီမံခန့်ခွဲမှုကို တိုးတက်စေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို အားပေးရန်၊**

၆) လူသားချင်းစာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ

(မြေပုံထုတ်လုပ်ရေးပလက်ဖောင်းများ၊ ဘုံဖြစ်သည့် လုပ်ငန်းဆိုင်ရာ ဒေတာစုများ (CODs) ၊ ပုံစံများ စသည်တို့အပါအဝင်)တွင် နေရာဒေသဆိုင်ရာအချက်အလက်စံနှုန်းများနှင့် လုပ်ကိုင်ပုံများကို စုစည်းသုံးစွဲရန်အတွက် ကိရိယာများနှင့် **ချဉ်းကပ်မှုများ သဘောတူညီခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဖြန့်ဝေခြင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်**

၇) လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် လုပ်ဆောင်ချက်များကို ပံ့ပိုးရန်အတွက် GISနည်းပညာကို ထိထိရောက်ရောက် အသုံးပြုမှုကို မြှင့်တင်ပေးသည့် အကောင်းဆုံး အလေ့အကျင့်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများ၊ စံနှုန်းများကို သုံးပြီး **ပိုမိုကောင်းမွန်သောမူဝါဒများ ကို အားပေးရန်**

## ၃ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်ဖြစ်ခြင်း။

GIS WG သည် သတင်းအချက်အလက် စီမံခန့်ခွဲမှုကွန်ရက်အောက်တွင် ရပ်တည်နေသော လုပ်ငန်းအဖွဲ့ဖြစ်ပြီး ၎င်း၏ လုပ်ဆောင်ချက်များနှင့် တိုးတက်မှုများကို IM Network သို့ ပြန်လည်တင်ပြပါသည်။

GIS **လုပ်ငန်းအဖွဲ့ ၏ အဖွဲ့ဝင်များ**သည် NGO များ၊ UN အေဂျင်စီများ၊ အလှူရှင်များနှင့် အခြားအဖွဲ့အစည်းများ အပါအဝင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးပေးသည့် GIS **ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်ပါသည်။** GIS လုပ်ငန်းအဖွဲ့သည် ညှိနှိုင်းဆောင်ရွက်မှုများအတွက် ကျယ်ပြန့်သော အခြေခံအုတ်မြစ်ဖြစ်စေရန် သက်ဆိုင်ရာကဏ္ဍများ အားလုံးတွင် သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံနိုင်ရန် တက်ကြွစွာ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

GIS လုပ်ငန်းအဖွဲ့သည် သီးသန့်လုပ်ဆောင်နေသောလုပ်ငန်းများတွင် လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်နှင့် ၎င်းတို့၏အောင်မြင်မှုများ ကို ပုံမှန်အစီရင်ခံခြင်းကို လိုအပ်ပါက စောင့်ကြည့်စစ်ဆေးပေးနိုင်သည့် ရေတို အလုပ်အဖွဲ့ငယ်များကို တည်ထောင်နိုင်သည်။

**အစည်းအဝေး အကြိမ်ရေ** - GIS လုပ်ငန်းအဖွဲ့သည် အခြေခံအားဖြင့် သုံးလတစ်ကြိမ် တွေ့ဆုံမည်ဖြစ်ပြီး အခြေအနေအရ လိုအပ်ချက်ပေါ်မူတည်ပြီး နောက်ထပ် သီးသန့်အစည်းအဝေးများကို စီစဉ်ပေးပါမည်။

**အစည်းအဝေးမှတ်တမ်းနှင့် အခြားအရင်းအမြစ်များ** - MIMU သည် GISလုပ်ငန်းအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်ပြီး အတွင်းရေးမှူး တာဝန်များ ပံ့ပိုးပေးမည်ဖြစ်သည်။ GISလုပ်ငန်းအဖွဲ့ အစည်းအဝေးမှတ်တမ်းများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အဖွဲ့ဝင်များထံ တိုက်ရိုက်ဖြန့်ဝေပြီး MIMU ဝက်ဘ်ဆိုဒ်ရှိ သီးသန့်စာမျက်နှာမှတစ်ဆင့်လည်း မျှဝေမည်ဖြစ်သည်။

GIS လုပ်ငန်းအဖွဲ့ ဝင်များသည် အီးမေးလ်စာရင်းမှတစ်ဆင့် သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ဖလှယ်ကြမည်ဖြစ်သည်။

## ၄ မျှော်လင့် ထားသော ရလဒ်များ

၁) ပုံမှန်အစည်းအဝေးများနှင့် မျှဝေမှုများ မှ တဆင့် လေ့လာမှုအသစ်များ၊ ဒေတာဘေ့စ်ကိရိယာများ၊ remote sensing analysis နှင့် အခြားသက်ဆိုင်ရာလှုပ်ရှားမှုများ နှင့် ပေါ်ပေါက်လာသော ဦးစားပေးကဏ္ဍများအတွက် ဒေတာနှင့်

သတင်းအချက်အလက်ဖလှယ်ခြင်းအတွက် ဖိုရမ်တစ်ခုအနေဖြင့် ပံ့ပိုးပေးနိုင်ခြင်း

၂) ထုတ်ဝေထားသော ဒေတာနှင့် ၎င်း၏အသုံးပြုနိုင်မှုအခြေအနေကို စာရင်းပြုစုခြင်းအားဖြင့် အဓိက အချက်အလက် ထုတ်ဝေသူများနှင့် အရင်းအမြစ်များစာရင်းကို ထိန်းသိမ်းထားရှိနိုင်ခြင်း

၃) မြန်မာနိုင်ငံရှိ နေရာဒေသဆိုင်ရာ အချက်အလက် စီမံခန့်ခွဲမှု စနစ်များ တိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုများနှင့် ပေါ်ပေါက်လာသော ပြဿနာများကို ဖော်ထုတ်နိုင်ရန် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ထိုသို့လုပ်ဆောင်မည့် အစီအစဉ် ရေးဆွဲ ချမှတ် ခြင်း

၄) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများတွင် လုပ်ဆောင်နေသည့် အေဂျင်စီများအကြား ဒေတာဖလှယ်မှုကို လွယ်ကူချောမွေ့စေရန်အတွက် အဓိကသော့ချက်ဖြစ်သော ပထဝီဝင်ဆိုင်ရာ အနိမ့်ဆုံးသတ်မှတ်ချက်များကို (ဒေတာစုဆောင်းခြင်းကိရိယာများ၊ နေရာဒေသကုဒ်များ၊ မြေပုံအရိပ်ချစနစ်များ နှင့် ဘုံလုပ်ငန်းဆောင်ရွက်မှု ဒေတာအတွဲများ/ COD များ စသည်တို့အပါအဝင်) တူညီသော နားလည်မှုတစ်ခု ဖြစ်လာ အောင် လုပ်ဆောင်ခြင်း

၅) ဘေးအန္တရာယ်ကြီးတစ်ခုဖြစ်ပွားသည့်အခါ လုပ်ဆောင်ရမည့်အခန်းကဏ္ဍများနှင့်တာဝန်များ (ဒေတာစုဆောင်းခြင်း၊ ဒေတာမျှဝေခြင်းနှင့် ဒေတာ ဖလှယ်ခြင်း၊ အချက်အလက်များ စီမံဆောင်ရွက်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင်) အား အဓိပ္ပါယ်ဖွင့်ဆိုခြင်း

၆) ဒေတာ/သတင်းအချက်အလက်များ စုဆောင်းရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

၇) စွမ်းဆောင်ရည်လိုအပ်ချက်များ၊ အရင်းအမြစ်များ၊ စွမ်းရည်မြှင့်တင်ခြင်းအစပျိုးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်မျှဝေခြင်း

၈) GIS၊ Remote Sensing နှင့် မြေပုံရေးဆွဲခြင်းဆိုင်ရာ နည်းပညာအသစ်များ၊ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများနှင့် လှုပ်ရှားမှုများအား မျှဝေခြင်း

၉) GIS လုပ်ငန်းအဖွဲ့မှ သတ်မှတ်ထားသည့် အခြားဦးစားပေးလုပ်ငန်းများ။